# တောင်အာရှကုန်စည်ပြပွဲ၏ထင်ရှားသော အောင်မြင်မှုများ

ဇွန်လ(၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ "ချစ်ကြည်မှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရရှိစေမှု၊ ထောက်ညာမှု" နှင့် "ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု" ခေါင်းစဉ်ဖြင့်ကျင်းပသော တတိယအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်ကူမင်းကုန်စည်ပြပွဲကို ထျန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ငါးရက်အတွင်း နိုင်ငံ(၃၁)နိုင်ငံ၊ ဒေသ(၂)ဒေသ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(၂)ခုမှ ကြွရောက်လာကြသောဧည့်သည်တော်များ၊ တရုတ်အစိုးရဌာနဆိုင်ရာနှင့်ကော်မတီများ၊ ပြည်နယ်(မြို့၊ ဒေသ) (၂၇)ခုတို့မှ ခေါင်းဆောင်များ၊ ဗဟိုမှ တိုက်ရိုက်အုပ်ချုပ်သည့်စီးပွားရေးလုပ်ငန်း(၁၈)ခု၊ ပုဂ္ဂလိကလုပ်ငန်း(၁၀၀)ကျော်၊ ငွေရေးကြေးရေးအဖွဲ့အစည်း(၁၀)ခုကျော်ရှိ အဘက်ဘက်မှဧည့်သည်တော်များသည် ယူနန်ပြည်နယ်တွင်စုစည်းကြပြီးချစ်ကြည်ရေး၊ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ခဲ့ကြပြီးလှပသော အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အနာဂတ်ကိုမျှော်မှန်းခဲ့ကြသည်။ ယူနန်ပြည်နယ်ကို တောင်အာရှ၊ အရှေ့တောင်အာရှသို့မျက်နှာမူ ဖြာထွက်ရေးစင်တာအဖြစ်တွန်းအားကြီးဖြည့်စွက်ပေးပြီး ယူနန်ပြည်နယ်မှ "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာထဲလက်ဦးမှုရှိရှိနှင့် ပေါင်းသွင်းသွားစေရန်ကန့်သတ်မဲ့အရှင်အား ထပ်မံတိုးမြှင့်ပေးနိုင်ခဲ့သည်။

စီးပွားကုန်သွယ်မှု တိုးမြှင့်ရေးအောင်မြင်မှုမှာ သိသာထင်ရှားလှသည်။ ယခုအကြိမ် တောင်အာရှ ကုန်စည်ပြပွဲတွင် ပြည်ပကုန်သွယ်မှု ပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၁.၁၉ ဘီလီယံဖြစ်ပြီး ယခင်အကြိမ်ထက် ၁၉.၈ ရာခိုင်နှုန်း တိုးတက်နိုင်ခဲ့သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်း(၉၀၃)ရပ်ကို စာချုပ်ချုပ်ဆို၍ စာချုပ်တန်ဖိုးပမာဏမှာ ယွမ် ၇၈၅ဘီလီယံရှိနိုင်ပြီး ယခင်အကြိမ်ထက်၁၀.၈ ရာခိုင်နှုန်း တိုးတက်နိုင်ခဲ့သည်။ စာချုပ်ချုပ်ဆိုခဲ့သောလုပ်ငန်းများမှာ ခရီးသွားရေး၊ စွမ်းအင်ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံ၊ ကုန်သန်းရောင်းဝယ်ရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခေတ်မီကုန်စည်စီးဆင်းရေးစသည်များ ပါဝင်လျက်ရှိသည်။ တတိယအကြိမ် တောင်အာရှ ကုန်စည်ပြပွဲအတွက် ကုန်ပစ္စည်းများ(ဝန်ဆောင်မှု)ဝယ်ယူရေးအစည်းအဝေးသည် ကျွမ်းကျင်သော လုပ်ဆောင်ချက်များဖြင့် ကောင်းမွန်သောရလာဒ်များ ဖြစ်ပေါ်လာခဲ့ပြီး တောင်အာရှကုန်စည်ပြပွဲကို နိုင်ငံတကာအဆင့်မီပြပွဲ၊ ကျွမ်းကျင်မှုပြပွဲနှင့် နာမည်ကျော်အမှတ်တံဆိပ်ပြပွဲသို့ တက်လှမ်းသွားစေရန် အရေးကြီးလှသော ခြေလှမ်းလှမ်းနိုင်ခဲ့သည်။

ကုန်စည်ပြပွဲအတွက် အစုံလိုက်လှုပ်ရှားမှုများကို လက်တွေ့ကျကောင်းမွန်အောင်ကျင်းပနိုင်ခဲ့သည်။ (၁၀)ကြိမ်မြောက်တရုတ်-တောင်အာရှစီးပွားရေးဖိုရမ်၊ (၇)ကြိမ်မြောက် GMS စီးပွားရေးစင်္ကြံဖိုရမ်၊ GMS စီးပွားရေး စင်္ကြံပြည်နယ် အုပ်ချုပ်ရေးမှူးဖိုရမ်၊ ပထမအကြိမ် တရုတ်-တောင်အာရှ နည်းပညာပြောင်းရွှေ့ရေးနှင့် ဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး၊ (၃)ကြိမ်မြောက် တရုတ်-တောင်အာရှအကြံဉာဏ်ရေးရာဖိုရမ်၊ တရုတ်-တောင်အာရှ၊အရှေ့တောင်အာရှ အနုပညာသီတင်းပတ်စသည့် အရေးကြီးလှုပ်ရှားမှုများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက်နှင့် အောင်မြင်မှုရလဒ်များစွာ ဖြစ်မြောက်စေခဲ့သည်။ ထို့ပြင် တရုတ်-အိန္ဒိယစီးပွားရေးနှင့်ခရီးသွားရေး ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ "အိန္ဒိယညှ"နှစ်နိုင်ငံ လူမှုဖလှယ်ရေးပြပွဲ၊ တရုတ်-အိန္ဒိယ ယောဂကောလိပ်ဖွင့်ပွဲ၊ ယူနန်-ချက်ကိုနိုင်ငံ အောင်လိုမော်ချီပြည်နယ် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ တရုတ်ရွှေလီ-မြန်မာမူဆယ် နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် အပြည်ပြည်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၊ နီပေါထောက်ပံ့ရန်ပြပွဲ၊ ကွေ့ကျိုးပြည်နယ် တက်သစ်စလုပ်ငန်းကြီး(၅)ရပ်အတွက် စီမံကိန်းချင်း ချိတ်ဆက်ပွဲစသည့်သီးခြားလှုပ်ရှားမှုများကိုလည်းကျင်းပပြီး အကျိုးဖြစ်ထွန်းနိုင်ခဲ့သည်။

ပြပွဲအတွက် ဝန်ဆောင်မှုအသီးသီးဖြင့် ခိုင်မြဲစွာအာမခံပေးခဲ့သည်။ ကူမင်းမြို့သူမြို့သားများသည် ပြပွဲသို့ တက်ကြွစွာပါဝင်ခြင်းကြောင့် ပြပွဲတက်ရောက်သူဦးရေမှာ ၇.၄ သိန်းရှိပြီး မှတ်တမ်းသစ်တင်ခဲ့သည်။ အိန္ဒိယ၊ ကိုရီးယား၊ ဗီယက်နမ်၊ လာအိုစသည့်နိုင်ငံ၊ ဒေသ(၁၆)ခု မှ သတင်းထောက်(၁၁၀၀)ဦးတို့က လာရောက်ကြပြီး တောင်အာရှကုန်စည်ပြပွဲအတွက် သတင်းယူကြသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ယူနန်ပြည်နယ်တွင် ကျင်းပခဲ့သောပွဲကြီးများအနက် လာရောက်သတင်းထောက်သူဦးရေမှာ အများဆုံးဖြစ်သည်။ တပြည်နယ်လုံးတွင် လုံခြုံရေးအင်အား(၅.၂)သောင်းစုစည်း၍ ပြပွဲအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြသည်။

လူငယ်လုပ်အားပေး(၂၀၀၀)ဦး၊ အထူးမြို့ပြလုပ်အားပေး (၁၅၀၀)ဦးနှင့် မြို့ပြလုပ်အားပေး(၁၀၀၀၀)ဦးတို့သည် ပြပွဲနေရာအတွင်းအပြင်တွင် နွေးထွေးစစ်မှန်သောအပြုံး၊ ကောင်းမွန်ကျေပွန်သော ဝန်ဆောင်မှုပေးခဲ့သဖြင့် ချီးမွမ်းခံခဲ့ရသည်။ လုပ်ငန်း(၅၀)ကျော်သည် တောင်အာရှ ကုန်စည်ပြပွဲဈေးကွက်စနစ်အရ လုပ်ဆောင်မှုတွင် ပါဝင်ခဲ့ပြီး အရင်းငွေ (ပစ္စည်းအပါအဝင်)ယွမ် ၂၄ သန်း စုဆောင်းရရှိနိုင်ခဲ့ပြီး ဈေးကွက်စနစ်ဖြင့် ပြပွဲကျင်းပရန် အောင်မြင်နိုင်ခဲ့သည်။

ကျန်းရော့ဂူ








# တရုတ်ရွှေလီ–မြန်မာမူဆယ်နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အပြည်ပြည်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

တရုတ်ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ(၁၄)ရက်တွင် ကူမင်းမြို့၌ကျင်းပခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ယူနန်ပြည်နယ် စီးပွားရေးနှင့် ကုန်သန်းရောင်းဝယ်ရေးဦးစီးဌာန၊ တယ်ဟုန်ပြည်နယ်ခွဲ အစိုးရ၊ ရွှေလီအလေးပေးတံခါးဖွင့် ဖွံ့ဖြိုးတိုးတက်ရေး စမ်းသပ်ဇုန် စီမံအုပ်ချုပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် သုံးစွဲသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုဦးစီးဌာနတို့မှ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရန်၊ နှစ်နိုင်ငံအကြားရှိ ကုန်သွယ်ရေးကို ဆက်တိုက်တိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်စေရန်၊ နောက်ဆုံးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ဆက်တိုက် တိုးတက်စည်ပင်လာအောင် ဖော်ဆောင်ရန်အတွက်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသော သတင်းအရ တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် စီမံအုပ်ချုပ်ရေးကော်မတီကို အသီးသီး တည်ထောင်ကြမည်ဖြစ်ပြီး ချိတ်ဆက်ညှိနှိုင်းရေး လုပ်ငန်းများကို ကောင်းမွန်အောင် ဆောင်ရွက်သည့် အခြေခံပေါ်တွင် မိမိဘက်မှနေ့စဉ်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းကိုတာဝန်ကိုယ်စီယူကြမည်ဖြစ်ကြောင်း၊ "ဗဟိုဇုန်"(၂)ခု၊ တိုးချဲ့ဇုန်တည်ဆောက်ရေးအဆင့်(၂)ဆင့်အတိုင်း တည်ဆောက်သွားမည်ဖြစ်ပြီး အခြေခံအဆောက်အအုံများ ပိုမိုတည်ဆောက်ရေးနှင့် ခြံနယ်များလျင်မြန်စွာတည်ဆောက်ရေး စသည့် အရေးကြီး အချက်(၂)ချက်နှင့်အညီ "အချုပ်အခြာအာဏာ မပြောင်းလဲရေး၊ နှစ်နိုင်ငံတစ်ဇုန်၊ စည်းမျဉ်းစည်းကမ်းချင်း ချိတ်ဆက်ရေး၊ အတူတကွကြီးကြပ်အုပ်ချုပ်ရေး၊ ပြည်တွင်း၌တည်ရှိသော်လည်း ပြည်ပအခွန်အကောက်ပေါ်လစီခံစားရေး၊ အဆောက်အအုံများအပြန်အလှန် ချိတ်ဆက်ရေး၊ အလုံပိတ်လည်ပတ်ရေး၊ မူဝါဒဦးစားပေးခွင့်ခံစားရေး" စသည့်မူများအရ အဘက်ဘက်သော၊ အဆင့်ဆင့်သော၊ နယ်ပယ်ကျယ်ပြန့်သော တံခါးဖွင့်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဂိုဒေါင်သိုလှောင်ရေးနှင့် ကုန်စည်စီးဆင်းရေး၊ ပို့ကုန်သွင်းကုန်နှင့် အချောကိုင်တပ်ဆင်ရေး၊ အပြည်ပြည်ဆိုင်ရာပြပွဲ၊ နယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေးနှင့် အာမခံဝန်ဆောင်မှု၊ နယ်စပ်ဖြတ်ကျော် ခရီးသွားရေးနှင့် ရှော့ပင်းဈေးဝယ်ရေး၊ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို တပါတည်းပါဝင်သော အထွေထွေနယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အဖြစ် တစတစတည်ဆောက်သွားမည် ဖြစ်သည်။

တွမ့်ချူးကျွမ်း

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဘ်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# မြန်မာ–ယူနန်စီးပွားရေးမှာ အပြန်အလှန် ဖြည့်စွက်နိုင်

## မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံး အကြံပေးဒေါက်တာမောင်အောင်နှင့်တွေ့ဆုံမေးမြန်းခြင်း

ယခုရက်ပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု "ရှေးခေတ်တောင်ပိုင်းပိုးလမ်းမ-ဖြာထွက်ရေးစင်တာသစ်"မီဒီယာစုံသတင်းအဖွဲ့တို့သည် ရန်ကုန်လေဆိပ်မှ ထွက်လာသည်နှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးသို့ ချက်ချင်းသွားရောက်ကြပြီး မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးရုံးမှ အကြံပေးဒေါက်တာမောင်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဒေါက်တာမောင်အောင်သည် မြန်မာနိုင်ငံမြို့တော်နေပြည်တော်သို့ သွားရောက်အစည်းအဝေး တက်ရောက်တော့မည်ဖြစ်သဖြင့် ချိန်းထားသည့်အချိန်ထက် ကြိုတင်၍ တွေ့ဆုံမေးမြန်းရခဲ့သည်။

"မေးချင်တာတွေရှိရင် ကျွန်တော့်ကို မေးလို့ရတယ်"ဟု ဒေါက်တာမောင်အောင်နှင့်တွေ့တွေ့ချင်း ၎င်း၏အဓိကတာဝန်မှာ အစိုးရထံအကြံပြုချက်များတင်ပြပေးခြင်းပင်ဖြစ်ကြောင်း သတင်းထောက်များအား မိတ်ဆက်ပေးပါသည်။

"ဒီနှစ်များအတွင်းမှာ မြန်မာနဲ့ယူနန်အကြား ကုန်သွယ်မှုပမာဏအရမ်းကြီးတယ်။ နှစ်စဉ်တိုးတက်နေတယ်။"ဟု ဒေါက်တာမောင်အောင်က မိတ်ဆက်လိုက်သည်။ မြန်မာနှင့်ယူနန်ကုန်သွယ်ရေးသည် များပြားလှကြောင်း၊ အထူးသဖြင့် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲစသည့် အစီအစဉ်များမှတဆင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် တရုတ်-မြန်မာ နယ်စပ်ဒေသများသို့ သွားရောက်၍ အရောင်းအဝယ်လုပ်ကြကြောင်း၊ တရုတ်-မြန်မာနယ်စပ်ရှိ ရွှေလီ၊ ချင်းရွှေဟော်စသည့်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့တင်ပို့ပြီး ဂိတ်များတွင် ကုန်ပို့ယာဉ်တန်းများတန်းစီနေသည်ကိုလည်း အမြဲတွေ့ရကြောင်း ၎င်းက ပြောသည်။

"မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့တင်ပို့တဲ့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်သီးဝလံ စတာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက ယူနန်နယ်စပ်ဂိတ်များမှတင်သွင်းတဲ့ကုန်ပစ္စည်းများမှာ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဓာတုပစ္စည်းစတာတွေဖြစ်တယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။ မြန်မာနိုင်ငံ၏ရေထွက်ပစ္စည်းများမှာ လုံးဝသဘာဝကျသော ကုန်ပစ္စည်းများဖြစ်ကြောင်း၊ အထွက်နည်းသော်လည်း ဝယ်လိုအားများလှကြောင်း၊ တရုတ်-မြန်မာ ကုန်သွယ်ရေးတိုးမြှင့်လာသည်နှင့်အမျှ မြန်မာနိုင်ငံမှတင်ပို့ထားသည့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ အမျိုးအစားဖြစ်စေ၊ အရေအတွက်ဖြစ်စေ တိုးတက်နေဆဲဖြစ်ကြောင်း ၎င်းက မိတ်ဆက်လိုက်ပါသည်။

ယူနန်ပြည်နယ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ တင်ပြသောစာရင်းအရ မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်၏ အကြီးဆုံးသောကုန်သွယ်ဖက်ဖြစ်ကြောင်း၊ တချိန်တည်းတွင် ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံနှင့်ကုန်သွယ်ရန် အရေးကြီးသော ပြတင်းပေါက်လည်းဖြစ်ကြောင်း၊ ၂၀၁၄ခုနှစ်အတွင်း ယူနန်-မြန်မာကုန်သွယ်မှုပမာဏမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ၇. ၀၅၀ဘီလီယံရှိခဲ့ပြီး အလားတူကာလကထက် ၆၈. ၉ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ တပြည်နယ်လုံးကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၂၆. ၁၅ ရာခိုင်နှုန်းပါဝင်ပြီး တရုတ်-မြန်မာကုန်သွယ်မှု ပမာဏစုစုပေါင်း၏ ၂၉. ၇၃ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း၊ ယူနန်မှ မြန်မာနိုင်ငံသို့ တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ရန်နှင့် နေထိုင်စားသောက်ရန် လိုအပ်သော စက်မှုအချောထည်ပစ္စည်းဖြစ်ကြောင်း၊ ဥပမာ-စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ အထည်အလိပ်များ၊ ဓာတုကုန်ကြမ်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှထွက်ရှိသော ကုန်ပစ္စည်းများမှာ ကုန်ပစ္စည်းအသေးဖြစ်သည့် လက်နှိပ်ဓာတ်မီးမှ ကုန်ပစ္စည်းအကြီးဖြစ်သည့်ရေခဲသေတ္တာအထိ သံမဏိပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းအပါအဝင် အရည်အသွေးကောင်းလှသော်လည်း ဈေးသက်သာပြီး ပြိုင်အားလည်း ကောင်းလှကြောင်း သိရသည်။ အနာဂတ် တိုးတက်မှုအကြောင်းနှင့်စကားစပ်မိ၍ ဒေါက်တာမောင်အောင်က "တကယ်လို့ကားလမ်းစတဲ့အခြေခံအဆောက်အအုံများကို ကောင်းမွန်အောင်ဆောက်လုပ်ပြီးရင် ကုန်ပစ္စည်းပမာဏမှာ ဒီထက်ပိုမိုတိုးတက်နိုင်တယ်"ဟု ပြောသည်။ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများအပေါ် ဖြာထွက်နိုင်သည့်အခန်းထဲပါဝင်နေသည်မှာ သိသာထင်ရှားလှကြောင်း၊ အကယ်၍ မြန်မာ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများကို ဆက်သွယ်နိုင်မည့် အဆင့်မြင့်လမ်းမကြီးဖောက်လုပ်ပြီးပါက မြန်မာနိုင်ငံ၏ကုန်ပစ္စည်းများကို နိုင်ငံအသီးသီးသို့ တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ တရုတ်နိုင်ငံ၏အတွင်းပိုင်းက ယူနန်၊ မြန်မာမှတစ်ဆင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်သို့သွားပါက အလွန်အဆင်ပြေမှာဖြစ်ကြောင်း မောင်အောင်က ပြောသည်။






တရုတ်နိုင်ငံမှ တင်ပြထားသော ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးစီမံကိန်းအတွက် မောင်အောင်က ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးနှင့် ပတ်သက်၍ စီမံချက်ချပြီးလျှင် အမြန်ဆုံးဖော်ဆောင်သင့်ကြောင်း၊မြန်မာနိုင်ငံအနေနှင့်လည်း ပြည်ဝင်ပြည်ထွက်ရန် လုပ်ငန်းများကို အဆင်ပြေအောင် တိုးမြှင့်ဆောင်ရွက်ပြီး လွယ်ကူချောမွေ့စေသော လုပ်ထုံးများဖြင့် စမ်းတဝါးဝါးနှင့် လုပ်ဆောင်ရန်ကြိုးပမ်းနေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

"မြန်မာနိုင်ငံသို့ ဝင်ရောက်လာတဲ့ တရုတ်လုပ်ငန်းများဟာ ဒေသခံပြည်သူများနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်သင့်ပါတယ်"ဟုဒေါက်တာမောင်အောင်က အကြံပေးလိုက်သည်။ တရုတ်လုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံသူများအနေနှင့် မြန်မာနိုင်ငံနယ်ခံဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွင်းထဲ တက်ကြွစွာပေါင်းစပ်ပြီးမှသာ မိမိ၏လုပ်ငန်းများကို စီမံသင့်ကြောင်း၊ နယ်ခံဒေသများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ ကောင်းမွန်သော ဂုဏ်သရေထူထောင်သင့်ကြောင်း ၎င်းကအကြံပေးလိုက်သည်။

လျူရှမ်ယွမ်

# ယူနန်–မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဖိုရမ်

## (၅)ကြိမ်မြောက်အစည်းအဝေးကို ကူမင်းမြို့တွင်ကျင်းပ

မကြာမီရက်ပိုင်းတွင် ယူနန်ပြည်နယ် ကုန်သည်များအသင်းချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကြီးမှူးကျင်းပသော ယူနန်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (၅)ကြိမ်မြောက်အစည်းအဝေးကို ကူမင်းမြို့တွင်ကျင်းပခဲ့ပါသည်။ ယခုအကြိမ်အစည်းအဝေး၏ ခေါင်းစဉ်မှာ "အတူတကွတည်ဆောက်ရေး၊ အတူတကွခံစားရေး၊ အတူတကွအနိုင်ရရေး---ယူနန်-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းဇုန် တည်ဆောက်ရေး" ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ကဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အဆမတန်တိုးတက်လာနေကြောင်း၊ ဖိုရမ်၏ကျင်းပခြင်းသည် တရုတ်ယူနန်နှင့်မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုအပါအဝင်ဖြစ်သော နှစ်နိုင်ငံကုန်သွယ်ရေး၊ နှစ်နိုင်ငံမှလုပ်ငန်းရှင်များက အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းရပ်များ ညှိနှိုင်းဆွေးနွေးရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းရှာကြံရန်အတွက် အခွင့်အလမ်းကောင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သယံဇာတပေါများလှသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယူနန်နှင့်ပိုမိုများသော ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများဖော်ဆောင်နိုင်ရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ယူနန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ပြည်နယ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ယုတင်ချိန်က မိန့်ခွန်းပြောကြားရာတွင် လွန်ခဲ့သည့်နှစ်များအတွင်း ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးသည် အဆက်မပြတ် တိုးတက်လာခဲ့ကြောင်း၊ ယူနန်-မြန်မာ ကုန်သွယ်မှုပမာဏသည် တရုတ်-မြန်မာကုန်သွယ်မှုပမာဏ စုစုပေါင်း၏သုံးပုံတစ်ပုံခန့်ပါဝင်နေကြောင်း ပြောကြားသွားသည်။ ယူနန်-မြန်မာကုန်ထုတ်လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ဇုန်နယ်တည်ဆောက်ရေး၊ ကုန်ထုတ်လုပ်ငန်းရင်းနှီးမြှုပ်နှံရန်ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ဆက်သွယ်ရန် တည်ဆောက်ရေးလုပ်ငန်းများကို တက်ကြွစွာတိုးမြှင့်ပေး၍ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံရှိ ကုန်သည်အသင်းများ၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်ကိုတည်ထောင်ကာ ယူနန်-မြန်မာကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအကြား သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေးစနစ်နှင့်ရင်းနှီးမြှုပ်နှံမှု၊ကုန်သွယ်မှုမြှင့်တင်ရန် ဝန်ဆောင်မှုစနစ်ကို တည်ထောင်ရမည်ဖြစ်ကြောင်း ၎င်းကတင်ပြခဲ့သည်။

ရန်စူးရမ်

# “ကူမင်းယဉ်ကျေးမှုဆန်းသစ်တီထွင်မှုပြကွက်” အုပ်စုလိုက်ပြသ

တောင်အာရှကုန်စည်ပြပွဲ၏ ကူမင်းပြကွက်အတွင်း မိုးအပြာတိမ်အဖြူတို့ဖြင့် ဒီဇိုင်းရေးဆွဲထားသောခေါင်မိုးအောက်တွင် “ကူမင်းယဉ်ကျေးမှုဆန်းသစ်တီထွင်မှုပြကွက်”သည် ပထမဆုံးအကြိမ် ပြသလိုက်ပြီး အနယ်နယ်မှ ရောက်ရှိလာကြသောဧည့်သည်တော်များကို ဆွဲဆောင်မိပါသည်။ ယင်းနေရာတွင် ယဉ်ကျေးမှုဆန်းသစ်တီထွင်ရေးကုမ္ပဏီ(၁၇)ခုတို့၏ တိုင်းရင်းသားအရပ်ဘက် အနုပညာလက်ရာနှင့်ခေတ်မီမီဒီယာသစ်နည်းပညာစသည်တို့ကို စုစည်းပြသထားပါသည်။ ကြေးလက်ရာ၊ သစ်သားပန်းပု၊ မြေထည်ကြွေထည်၊ ဆန်းကျယ်ကျောက်တုံး၊ ဆေးဆိုးပိတ်စစသည့်“ရွှေ၊ သစ်၊ မြေ၊ ကျောက်၊ ပိတ်”ဟူသောဒြပ်စင်ပါအနုပညာလက်ရာများကို ကုန်အောင်မရှုနိုင်ပါ။ 3Dပရင်တာပုံရိုက်ခြင်း၊ လူနှင့်ကွန်ပျူတာစက်အပြန်အလှန်တုံ့ပြန်ခြင်း၊ စိတ်ကူးယဉ်ပုံဖော်ခြင်းစသည့်ခေတ်မီမီဒီယာသစ်နည်းပညာများသည်ပရိသတ်များအား အံ့မခန်းဖြစ်မိစေကြသည်။

“ကူမင်းယဉ်ကျေးမှု ဆန်းသစ်တီထွင်မှုပြကွက်”၌ အစည်ကားဆုံးနေရာမှာ ခေတ်မီ မီဒီယာသစ်လုပ်ငန်း (၃)ခုတို့၏ပြခန်းနေရာပင်ဖြစ်သည်။ ၎င်းတို့၏နည်းပညာသစ်များပြသခြင်းသည် အများအား မမေ့နိုင်လောက်အောင် တီထွင်ဖန်တီးပေးလိုက်သည်။

ယူနန်ရုပ်မြင်သံကြားနှင့်အသံလွှင့်သိပ္ပံနည်းပညာလီမိတက်၏ ပြခန်းနေရာဝန်းကျင်တွင် အထူးအဆန်းများကို စူးစမ်းလိုကြသည့်ပရိသတ်များက ဝိုင်းရုံကြပါသည်။ လူနှင့်စက် အပြန်အလှန်တုံ့ပြန်နိုင်သည့် ဂိမ်းကစားခြင်းသည် မြို့သူမြို့သားတိုင်း စိတ်ကူးယဉ်ဘော်လုံးပြိုင်ပွဲပါဝင်စေနိုင်ပါသည်။ သာမန်ဖန်သားတစ်ချပ်အား ထိတွေ့ဖန်သားပြင် (TOUCH SCREEN)အဖြစ်မည်သို့ပြောင်းလဲသွားစေသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် စိတ်ကူးယဉ်ပင်လယ်အဏ္ဏဝါပြတိုက်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး ခြေထောက်ဖြင့်ကြမ်းပြင်ပေါ်နင်းလိုက်ပါက ပင်လယ်ရေထဲထိုးနေသကဲ့သို့ ခံစားနိုင်မည်ဖြစ်သည်။

ယူနန်ကျင်းချိုင်ကျားဝေသိပ္ပံနည်းပညာကုမ္ပဏီလီမိတက်၏ ဆန်းသစ်တီထွင်မှုတစ်ရပ်ဖြစ်သော 3Dပရင်တာပုံရိုက်ခြင်းဝန်ဆောင်မှုစင်တာတွင် အများအတွက် 3Dပရင်တာစက်တစ်လုံး ဆောင်ကြဉ်းလာပါသည်။ ယင်းပရင်တာစက်သည် စစ်မှန်သော 3Dပစ္စည်းများကို “ရိုက်နှိပ်”နိုင်ပါသည်။ ကူမင်းစိမ့်ချဲ့ထုံဟွေး ဒီဂျစ်တယ်သိပ္ပံနည်းပညာကုမ္ပဏီလီမိတက်၏ဝန်ထမ်းများသည် ပြခန်းနေရာတွင် 3Dစူပါကြည်လင်ပြတ်သားမှု SPECIAL EFFECT အထူးစွမ်းဆောင်နိုင်သော ရုပ်ပုံနည်းပညာ၊ 3D SPECIAL EFFECT အထူးစွမ်းဆောင်နိုင်သောရုပ်ရှင်နှင့်ရုပ်မြင်သံကြားတီထွင်ဆန်းသစ်မှု၊ အဆင့်မြင့်နည်းပညာဖြစ်သည့် SENSORခံစားချက်ပိုင်းဆိုင်ရာခေတ်မီ မီဒီယာသစ်နည်းပညာများ၊ VRစိတ်ကူးယဉ်နှင့်လက်တွေ့စသည့်အဆင့်မြင့်သိပ္ပံနည်းပညာ ခေတ်မီ မီဒီယာသစ်နည်းပညာစသည်များကို လက်တွေ့ပြသခဲ့ပါသည်။

သတင်းထောက်သည် ပြကွက်အတွင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းရန်စာရင်းဝင်သောကြေးနက်ထုငွေနှင့်ကြေးပြောက်လက်ရာများသည် ပြည်တွင်းပြည်ပမှဧည့်သည်တော်များကို ဆွဲဆောင်မိသည်ကို တွေ့ရပါသည်။ ကျင့်နင်ခရိုင်ခွန်ယန်မြို့၏ကျောက် စိမ်းရွှေထည်ငွေထည်တိုက်သည် သိပ္ပံနည်းပညာအင်အားကို တိုးမြှင့်ပေးလိုက်ပြီး “နှစ်ထပ်လွှာနည်းပညာ”ကို ရှေ့ဆင့်နောက်ဆင့် ချိုးဖေါက်နိုင်ခဲ့ကာ ကြေးနက်ထုငွေပန်းပုနည်းပညာကို ဆန်းသစ်တီထွင်နိုင်ခဲ့သဖြင့် ရှေးကျလှို့ဝှက်သောရှေးခေတ်လက်ရာပညာကို ဆက်ခံစေနိုင်သည်၊ ဆန်းသစ်တီထွင်စေနိုင်သည်၊ ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။

မြေထည်ကြွေထည်ရေနွေးကြမ်းခွက်တွင် သိမ်မွေ့လှသောကြာပွင့်တစ်ပွင့်သည် ခွက်၏အောက်ခြေတွင်အနည်ထိုင်နေရာ တမူထူးခြားသောရသမျိုးဖန်တီးပေးနေသည်ကို တွေ့ရှိရပါသည်။ ယူနန်နဲ့ရှီကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သည် ယူနန်၏ဒေသခံဒြပ်စင်များကို အစဉ်အမြဲ တူးဖေါ်လျက်ရှိနေပါသည်။ ငွေထည်၊ ကြွေထည်၊ ပိတ်စ၊ ဝါး၊ သစ်သား၊ကျောက်စသည်တို့ကို အသုံးပြု၍ တီထွင်ဖွဲ့စည်းပြီး ခေတ်သစ်ဘဝအလှဖြင့် ပေါင်းစပ်ထားကာ သစ်လွင်ဆန်းသစ်ထူးခြားသောလက်ဖက်ရေသောက်သုံးရန်ငွေထည်ကိရိယာများအား“လက်ဖက်သုံးကိရိယာအလှပညာ” ဆိုင်ရာလက်ဖက်ဟင်းလင်းပြင်ကို ဖွင့်လှစ်ပေးတော့သည်။

စုံစမ်းမေးမြန်းခြင်းအရ ယခုအကြိမ်ပြပွဲသည် ပြည်တွင်းပြည်ပကုန်သည်များ လာရောက်ကမ်းလှမ်းရန် ဆွဲဆောင်မိကြောင်း၊ ဤသို့သော အုပ်စုလိုက်ပြသခြင်းသည် ကူမင်းမြို့၏ယဉ်ကျေးမှုထုတ်ကုန်လုပ်ငန်းများအတွက် ပြင်ညီစင်တစ်ခုခင်းပေး၍ ကူမင်းမြို့သာမက ယူနန်တစ်ပြည်နယ်လုံး၏ဝိသေသပါယဉ်ကျေးမှုထုတ်ကုန်များကို တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများသို့ ထိုးဖောက်စေနိုင်ကြောင်း သိရပါသည်။

ကျန်းယန့်ချွင်

# 《 တိမ်–အခန်း(၉)ခန်း 》
# ကူမင်းမြို့၌ ပထမဆုံးအကြိမ်တင်ဆက်







ယခုရက်ပိုင်းတွင် တိုင်းရင်းသားယဉ်ကျေးမှုဇာတ်စင်တင် လက်ရာဖြစ်သည့် “ဇာတ်စင်-စပါးခြေကွင်းပြင် 《တိမ်-အခန်း(၉)ခန်း》”ကို ယူနန်အနုပညာကောလိပ်စမ်းသပ်ဇာတ်ရုံတွင် ပထမဆုံးအကြိမ်တင်ဆက်ခဲ့ကြောင်း သိရပါသည်။

“ဇာတ်စင်၊ စပါးခြေကွင်းပြင် 《 တိမ်-အခန်း(၉)ခန်း 》” သည် စမ်းသပ်မှုအသစ်ဖြင့် ဖန်တီးထားသော တိုင်းရင်းသားယဉ်ကျေးမှုဇာတ်စင်တင် အနုပညာလက်ရာဖြစ်သည်။ ကဇာတ်နှင့်ပြဇာတ်တို့နှင့် မတူဘဲ ဇာတ်စင်-စပါးခြေကွင်းပြင်သည် ပထမဆုံးအကြိမ်တင်ပြထားသော စိတ်ကူးစိတ်သန်းသမားရိုးကျလွန်းမှု အသစ်စက်စက်ပင်ဖြစ်သည်။ ဖန်တီးမှုဖော်ပြခြင်းအရ အရပ်ဘက်မှလူစုနိုင်မည့် စပါးခြေကွင်းပြင်ကို စိတ်ကူးစိတ်သန်းသမားရိုးကျလွန်းမှု၊ အနုပညာဆန်မှု၊ ဒြပ်မဲ့ဖော်ပြမှုအဖြစ် စီစဉ်ထားပြီး ဇာတ်စင်ပေါ်သို့ တင်ထားခြင်းဖြစ်သည်။ ဇာတ်စင်အနုပညာလက်ရာနည်းလမ်းဖြင့် ပရိသတ်ရှေ့မှောက်သို့ ပြသတင်ဆက်ပေးခြင်းဖြစ်ပါသည်။

လက်ရာတစ်ခုလုံးကို အခန်း(၉)ခန်းအဖြစ် ခွဲထားသည်။ ၎င်းတို့မှာ- တိမ်ပေါ်ထွက်ခြင်း၊ အဖြူအမည်း၊ ဘဝသံသရာ၊ မိုးကောင်းကင်ပူဇော်ခြင်း၊ ကုသိုလ်ရေ၊ ငှက်တေးသံ၊ စိတ်ဓာတ်၊ ရှင်မြှူးခြင်း၊ တိမ်ပြန်ခြင်းစသည်တို့ဖြစ်သည်။ အခန်း(၉)ခန်းတွင် တိမ်တစ်ပွင့်ဖြင့် ဆက်နွယ်ထားရာ ဇာတ်စင်ခင်းကျင်းမှုအနုပညာ၊ ပန်းချီသရုပ်ဖော်အနုပညာ၊ အမူအရာသရုပ်ဖော်အနုပညာစသည်များဖြင့် တိုင်းရင်းသားလူနည်းစု (၉)စုတို့၏ မတူခြားနားသောအသက်ရှင်အခြေအနေများကို အထွေထွေရှင်းလင်းလိုက်ပါသည်။


《 တိမ်-အခန်း (၉) ခန်း 》 မှ သရုပ်ဆောင်များနှင့်ဇာတ်စင်၊ မီးရောင်ပေး၊ ဒီဇိုင်းစသည့် ၈၀ ရာခိုင်နှုန်းထက်မနည်းသောသရုပ်ဆောင်နှင့်ဝန်ထမ်းများသည် ယူနန်အနုပညာကောလိပ်မှ ဆရာဆရာမများနှင့်ကျောင်းသူကျောင်းသားများဖြစ်ကြသည်။ အဓိကဇာတ်ဆောင်များအဖြစ်နိုင်ငံတော်ပထမတန်းစားလူငယ်အကပညာရှင်ဖြစ်သူဆုံ့ကျယ်နှင့် ယူနန်သားတို့မှ သိကျွမ်းကြသည့်ဂေဟအကအမျိုးသားသရုပ်ဆောင်အိုက်ကျင်တို့ကို ဖိတ်ခေါ်၍ ဆောင်ရွက်ကြပါသည်။

ထို့ပြင် 《တိမ် - အခန်း(၉)ခန်း》 အတွက် စာပေဖန်တီးမှုနှင့်ပတ်သက်၍ ရုပ်မြင်သံကြားဇာတ်လမ်း 《ရွှေပန်းပွင့်ငါးပွင့်၏ သားသမီးများ》 အတွက် သီချင်းစာသားအားလုံးကို ဖန်တီးရေးသားပေးခဲ့သူကျန်မင်ချူအား ဖိတ်ကြားပြီး ယခုလက်ရာအတွက် စာပေကြီးကြပ်သူတာဝန်ထမ်းဆောင်စေခဲ့ကြောင်း သိရပါသည်။

ချိန်ဖေး

# စွင်းနော့ချီလင်

## ကြွေထည်မြေစေးဖြင့် ရောင်စုံလူ့ဘဝကိုခြယ်သ



"ကျွန်တော့်အိမ်က ကြွေထည်ပြုလုပ်တာဟာ ပဥ္စမမျိုးဆက်ရှိခဲ့ပြီးဖြစ်တယ်။ကျွန်တော်ဟာ (၁၁)နှစ်သား အရွယ်ကစ၍ အဘိုးနဲ့အဖေတို့ကို လိုက်ပြီး ကြွေထည်ပြုလုပ်မှုအတတ်ကို သင်ယူခဲ့ပါတယ်။ အခုကျွန်တော့်သား၊ မြေးတို့ကလည်း ကျွန်တော့်ကို လိုက်ပြီး ကြွေထည်ပြုလုပ်လျက်ရှိနေပါတယ်။" အသက်(၆၈)နှစ်ရှိ နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိဗက်တိုင်းရင်းသား ကြွေထည်မည်းပြုလုပ်မှု အမွေဆက်ခံသူ စွင်းနော့ချီလင်က ထိုသို့ပြောကြားခဲ့ပါသည်။ "ကျွန်တော်တို့ရွာမှာ များပြားလှတဲ့လူငယ်တွေက ကျွန်တော့်ဆီလာပြီး ကြွေထည်ပြုလုပ်မှုအတတ်ကို သင်ယူကြတယ်။ နိုင်ငံခြားသား ခရီးသွားများကလည်း အထူးအဆန်းများ စူးစမ်းလေ့လာလိုတဲ့အတွက် ကျွန်တော့်ဆီ လာရောက်သင်ယူကြတယ်။"

(၅၇)နှစ်တာကာလအတွင်း စွင်းနော့ချီလင်သည် ကြွေထည်အမည်း ကုန်ပစ္စည်းအမျိုး(၇၀)ကျော်ကို သုတေသနပြု တီထွင်ထုတ်လုပ်ခဲ့သည်။ ကြွေထည်အမည်းကုန်ပစ္စည်းများကို အမျိုးအစားပိုမိုများပြားစေခဲ့သည်။ အလှပြနိုင်သည့်အပြင် လက်တွေ့အသုံးချနိုင်သည်။ ထို့ပြင် သူသည် တပည့်များစွာ လက်ခံပြီး မိမိတတ်ကျွမ်းသမျှ အတတ်ပညာများကို သင်ကြားပေးကာ ကြွေထည်ပြုလုပ်မှု ဆရာ(၈၀)ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။ "ကျွန်တော့်အမြောက်ဆုံးလက်ရာမှာ ကြွေထည်နဂါးခေါင်းမီးဇလုံနဲ့ မလိုင်ထည့်တန်ဆာပလာတို့ကို ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဒီကြွေထည်ပစ္စည်းနှစ်မျိုးဟာ ကျွန်တော့်ကိုယ်စားပြုလောက်တဲ့ လက်ရာတွေဖြစ်လာတယ်။ ၄င်းအနက် မြေထည်မီးဇလုံ၊ မလိုင်ထည့်တန်ဆာပလာနဲ့ လက်ဖက်ခြောက်ထည့်အိုးစတဲ့ပစ္စည်းသုံးမျိုးကို နိုင်ငံတော်ပြတိုက်မှာ ထားသိုခံရပါတယ်။" ဟုသူက ဝမ်းသာစွာ ပြောကြားသည်။

ကြွေထည်ပြုလုပ်မှု၏ ဝင်ငွေအကြောင်းကိုပြောမိသော် စွင်းနော့ချီလင်က "တစ်နေ့လျှင် ယွမ်နှစ်ရာ သုံးရာရပါတယ်။ တစ်နှစ်လျှင် ယွမ်(၁)သိန်းလောက် ရှိပါတယ်။ကျွန်တော့်တပည့်များကလည်း တစ်နေ့လျှင် ယွမ်(၁၀၀)မှ (၁၅၀)အထိ ရရှိနိုင်ပါတယ်။ ကျွန်တော်တို့ရွာမှာ ကြွေထည်မြေထည်လုပ်ငန်း ကုမ္ပဏီနှစ်ခုတောင် တည်ထောင်ထားပါတယ်။ တောင်သူများက တသီးတခြားစီ အချောကိုင်ပြုလုပ်ပြီး ကုမ္ပဏီက စုစည်းရောင်းချသော လုပ်ငန်းလုပ်ကိုင်ရန် စနစ်ဖြစ်တည်လာပါတယ်။"ဟု စွင်းနော့ချီလင်က ထိုသို့ပြောကြားသည်။ "ကြွေထည်အမည်းရောင်းချခြင်းဟာ ကျွန်တော့်အိမ်ရဲ့ အဓိကဝင်ငွေဖြစ်ပါတယ်"။ "ကျွန်တော်ဟာ အဖေ့ဆီက ကြွေထည်အမည်းပြုလုပ်မှု အတတ်ကို ဆက်ခံထားပြီး အလုပ်ရုံမှာ (၁၈)နှစ်ကြာ ပြုလုပ်ခဲ့ပါပြီ။ အခု ကြွေထည်အမည်းကုန်ပစ္စည်းများရဲ့ ဈေးကွက်တုံ့ပြန်မှု ကောင်းမွန်ပါတယ်။ လိုသလောက် မရောင်းနိုင်ပါ"ဟု စွင်းနော့ချီလင်၏ သားဖြစ်သူ လော့စန်းအင်ကျူက ကြားဖြတ်ပြောပါသည်။

စုံစမ်းလေ့လာခြင်းအရ ရှမ်းကေလီလာမြို့ နီစီးကျေးရွာအုပ်စု ထန်တွေရွာ တူကြီကူအဖွဲ့၏ ကြွေထည်အမည်းပစ္စည်း ပြုလုပ်မှုအတတ်၏ သမိုင်းမှာ နှစ်ပေါင်း(၁၀၀၀)ကျော် ရှိခဲ့ကြောင်း၊ ယင်းပြုလုပ်မှုအတတ်ကို နိုင်ငံတော်အဆင့်ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းရန် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ စွင်းနော့ ချီလင်၏ ကြွေထည်အလုပ်ရုံသည် ယူနန်တက္ကသိုလ် ခရီးသွားယဉ်ကျေးမှုကောလိပ်၏ လက်တွေ့ပညာ သင်ကြားရေးစခန်းအဖြစ် သတ်မှတ်ထားကြောင်း သိရပါသည်။

ဖန်းတောက်ဟိုင်

## တိမ်ကောပပျောက်သွားနိုင်မှာ မဟုတ်သောတိဗက်ဒေသ၏ "waltz"အက

တောင်တန်း လျှိုမြောင်များကြားတွင် ဝှက်ကွယ်နေသော ရှမ်းကေလီလားမြို့ နီစီးကျေးရွာအုပ်စု ထန်မန်ရွာကောင်စီ ပူဆူအဖွဲ့သည် ရှေးကျသော တိဗက်ရိုးရာဓလေ့များကို ထိန်းသိမ်းထားနိုင်ရုံသာမက နှစ်ပေါင်း(၂၀၀၀)ကျော် သမိုင်းရှိသော တိဗက် တိုင်းရင်းသားများ၏ ရှေးခေတ်အဆိုအကများဖြစ်သည့် နီစီးအချစ်အကကိုလည်း ထိန်းသိမ်း ဆက်ခံထားနိုင်သေးသည်။ လောလောဆယ်တွင် သတင်းထောက်သည် ပူစူအဖွဲ့သို့ သွားရောက်ပြီး ယင်းတိဘက်ဒေသ၏ "waltz"အကကို ကိုယ်တိုင်ခံစားခဲ့ပါသည်။



နီစီးအချစ်အကသည် ချစ်မေတ္တာထားခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းတို့ကို အဓိကထားသော အဆိုအကဖြစ်ပါသည်။ နှစ်ပေါင်း(၂၀၀၀)ကျော်ကြာ ပြောင်းလဲရာတွင် လက်ရှိတွင် နီစီးအချစ်အကသည် တစ်ခုတည်းသော ချစ်ခြင်းခေါင်းစဉ်မှ ခွဲထွက်လာပြီး မျိုးစေ့ချခြင်း၊ ရိတ်သိမ်းခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းခြင်းစသည့် အခြေအနေမျိုးကိုပါ ထည့်သွင်းထားပြီး အများအတွက် ဒေသခံပြည်သူများ၏ ထုတ်လုပ်မှုနှင့် လူမှုဘဝအခြေအနေများကို ဖော်ပြသော ပြတင်းပေါက်ဖြစ်လာသည်။ နီစီး အချစ်အက၏ ကိုယ်စားပြုလောက်သော အမွေဆက်ခံသူ ချင်ကျူက "နီစီး အချစ်အကဟာ နှစ်မျိုးရှိတယ်။ တစ်မျိုးမှာ အခြေခံအားဖြင့် မေတ္တာပို့ခြင်း ဖြစ်တယ်။ သာမန်မင်္ဂလာဆောင် လက်ထပ်ပွဲများမှာ လူငယ်များရဲ့တွေ့ဆုံခြင်း၊ ချစ်ခြင်းတို့ကို အဓိကထား ကပြ လေ့ရှိတယ်။ ခေတ်ကြီးတိုးတက်လာတာနဲ့ အမျှ အချစ်အကရဲ့အပြီးမှာ အမဲလိုက်ခြင်း၊ အိပ်ခြင်းဆိုတဲ့ အဆိုဓလေ့များဟာ အစောကြီး ကွယ်ပျောက်သွားခဲ့တယ်။ ဒါပေမဲ့ အချစ်အကကို နီစီးလူငယ်တို့အတွက် ချစ်ရေးဆိုဖို့ ပေါင်းသင်း ဆက်ဆံဖို့ အရေးပါတဲ့ နည်းလမ်းအဖြစ်ထိန်းသိမ်းခံရတယ်။ အခု အချစ်အကဟာ အများရဲ့ နေ့စဉ်ဘဝအတွက် အရေးပါတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ပွဲတော်နေ့၊ မင်္ဂလာလက်ထပ်ပွဲကျတိုင်း ဒါမှမဟုတ် ဧည့်သည်တော်များကို ကြိုဆို(ပို့ဆောင်)တိုင်း ဒေသခံများက ရွှန်းတင့်လှတဲ့ တိဗက်တိုင်းရင်းဝတ်စုံများကို ဝတ်ဆင်ကြပြီး အချစ်သီချင်း၊ အချစ်အကများကို ဆိုကြကကြတယ်" ဟု ၄င်းကပြောကြားသွားပါသည်။

"နီစီးအချစ်အကဟာ ကျွန်တော်တို့အတွက် သွေးထဲမှာ စီးဆင်းနေတဲ့ တမူထူးခြားတဲ့ သံယောဇဉ်ဖြစ်ပါတယ်။ ၄င်းဟာ ရိုးရာအဆိုအက ပုံစံမျိုးနဲ့ နီစီးတိဗက်တိုင်းရင်းသားများရဲ့ သမိုင်းယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံများကို ထိန်းသိမ်းဆက်ခံနိုင်ခဲ့တယ်။ ၄င်းဟာ ပထဝီဝိသေသလည်း တမူထူးခြားလှတယ်။ တိုင်းရင်းသားရိုးရာ စတိုင်လ်လည်း ကြိုင်လှိုင်လှတယ်။ လူထုအခြေပြုမှုလည်း နက်နဲလှတယ်။ ၄င်းအထဲမှာ ချစ်ခင်ရင်းနှီးခြင်း၊ သွေးစည်းညီညွတ်ခြင်းစတဲ့ လူမှုရေးစိတ်ဓာတ်လည်း ပါဝင်နေတဲ့အတွက် ထာဝရဆက်ခံသွားသင့်ပါတယ်"။

နီစီးအချစ်အကကို ပုံစံမျိုးစုံဖြင့် ဖော်ပြရန်နှင့် ပိုမိုလှပစေရန် ချင်ကျူသည် အကအဖွဲ့ကို နောက်ထပ် စီမံဖွဲ့စည်းပြီး တွဲဖက်အတီးအမှုတ် မလိုက်သော နီစီးအချစ်အကကို တွဲဖက် အတီးအမှုတ်တို့ဖြင့်လိုက်သော၊ ဇာတ်စင်ပစ္စည်းပါသော တစ်ပင်တိုင်အက၊ နှစ်ပါးသွားအကအဖြစ် ပြုပြင်သွားရန် စီစဉ်လျက်ရှိနေပါသည်။

ယိုရှမ်နိမ်